လူတစ်ဦးသည် တစ်ဦးတစ်ယောက်၏ ‘ကဗရ်’မြှုပ်နှံတွင်းနားမှ
ဖြတ်သွားသည့်အခါ သူ့နေရာတွင် ငါသာရှိလျှင်
ဘယ်လောက်ကောင်းလိုက်မလဲဟု မပြောမချင်း ကိယာမသ်
ဆိုက်ရောက်မည် မဟုတ်ပေ။
အဗူဟုရိုင်ရဟ် (ရဿွိယလ္လာဟုအန်ဟု)က ဆင့်ပြန်ခဲ့သည်။ တမန်တော်မြတ်
(ဆွလ္လလ္လာဟုအလိုင်းဟိဝစလ္လမ်) မိန့်ကြားတော်မူသည်။ လူတစ်ဦးသည် တစ်ဦးတစ်ယောက်၏
‘ကဗရ်’မြှုပ်နှံတွင်းနားမှ ဖြတ်သွားသည့်အခါ သူ့နေရာတွင် ငါသာရှိလျှင်
ဘယ်လောက်ကောင်းလိုက်မလဲဟု မပြောမချင်း ကိယာမသ် ဆိုက်ရောက်မည် မဟုတ်ပေ။
[صحيح] [متفق عليه]
တမန်တော်မြတ် (ဆွလ္လလ္လာဟုအလိုင်းဟိဝစလ္လမ်)က မိန့်ကြားတော်မူခဲ့သည်မှာ
လူတစ်ယောက်သည် တစ်ဦးတစ်ယောက်၏ ‘ကဗရ်’မြှုပ်နှံတွင်းနားမှ ဖြတ်သန်းသွားသည့်အခါ
သူ့နေရာတွင် ငါသာရှိလျှင် ဘယ်လောက်ကောင်းလိုက်မလဲဟု တောင့်တမိခြင်းမျိုး
မဖြစ်သေးသမျှ ကိယာမသ် ဆိုက်ရောက်လိမ့်မည် မဟုတ်ပေ။ ထိုသို့ဖြစ်ရခြင်းမှာ
လမ်းမှားမှုနှင့် လမ်း မှားအပေါ်လျှောက်လှမ်းသူများ လွှမ်းမိုးလာခြင်း၊ ‘ဖိသ်နဟ်’
ပြဿနာများ၊ ပြစ်မှုဒုစရိုက်များ၊ မကောင်းမှုများ ပေါ်ပေါက်လာခြင်းကြောင့် မိမိ၏
သာသနာ ပျက်စီးဆုံးရှုံးသွားမည်ကို စိုးရိမ်သည့်အတွက်ကြောင့်ဖြစ်သည်။
https://sunnah.global/hadeeth/my/show/65022